## မာတိကာ

စာရေးသူ၏ ရှေ့ပြေးစကား

### နှလုံးသားကို ရှေ့တန်းတင်၍


| | | |
|---|---|---|
| ၁။ | ခေါင်းဆောင်မှုပေးသူ - ဦးကျော်ကျော်လှိုင် (SMART) | ၁ |
| ၂။ | နေကြာစေ့လှော်သူ - ဦးဝင်းမောင် (Point) | ၁၉ |
| ၃။ | ပရိဘောဂ ရောင်းချသူ - ဦးကျော်ကျော်ဝင်း (Sinma) | ၃၅ |
| ၄။ | တယ်လီဖုန်းရောင်းသူ - ဦးရန်နိုင်စိုးမြင့် (လှုကြီးမင်းဖုန်းဆိုင်) | ၆၇ |
| ၅။ | နွားနို့ဖြင့် ကျန်းမာစေသူ - ဦးတင်ဝင်း (ငွေစင်ပုလဲ) | ၈၇ |
| ၆။ | အပန်းဖြေ အနားယူစရာ ဖန်တီးသူ - အန်တီဆွေ (စိမ်းလဲ့တင်) | ၁၁၃ |
| ၇။ | ရိုးရာအစားအစာကို ချက်ပြုတ်သူ - မမေချို (မင်းလမ်းမုန့်တီ) | ၁၃၃ |
| ၈။ | မုန့်ဟင်းခါးချက်ကြသူ - ဦးကျော်မြင့် (ထိပ်တန်းတင်တင်အေးမုန့်ဟင်းခါး) | ၁၅၁ |
| ၉။ | မြန်မာ့ဘူးဖေးထမင်းဆိုင် - ဒေါ်အေးကြင် (ရွှေကြက်ယက်) | ၁၆၇ |
| ၁၀။ | ရွှေချည်ထိုးလုပ်ငန်းလုပ်ကိုင်သူ - ဦးစံ (ရတနာမွန်ရွှေချည်ထိုး) | ၁၈၁ |
| ၁၁။ | လက်မှုပစ္စည်းရောင်းချသူ - ဦးမောင်မောင်မူ (အောင်နန်း) | ၁၉၅ |
| ၁၂။ | အားကစားပစ္စည်းရောင်းချသူ - ဦးမြင့်သိန်း + ဒေါ်စန္ဒာဦး (Sport World) | ၂၁၁ |


## ရှေ့ပြေးစကား

ဒီစာအုပ်ပါ စီးပွားရေးသမားတွေအကြောင်းဟာ ၂၀၁၀ ကနေ ၂၀၁၆ ကြားထဲမှာ ရေးဖြစ်တဲ့စာမူတွေပါပဲ။ ပွိုင့်နေကြာစေ့လှော်ရဲ့ ဖခင်ဖြစ်သူ ဦးဝင်းမောင်အကြောင်းသာလျှင် မကြာခင်ကမှ ထပ်မံဖြည့်စွက်ရေးသားထားတာဖြစ်ပြီး ကျန်တာတွေကတော့ The Real Lives, Real stories မှာ ရေးခဲ့တဲ့ စာမူတွေထဲက ကောက်နုတ်ထားတာဖြစ်ပါတယ်။

ဒီစာအုပ်ထွက်ခါနီးမှာ ပါဝင်တဲ့စီးပွားရေးလုပ်ငန်းရှင်တိုင်းကို ဆက်သွယ်ဖို့ ကြိုးစားပြီး အကြောင်းကြားခဲ့ပါတယ်။ တချို့က ထပ်မဖြည့်ချင်တော့ပေမယ့် တချို့ကတော့ ထပ်မံဖြည့်စွက်စရာလေးတွေ ရှိနေပါတယ်။ တချို့က ပြောင်းလဲခဲ့ပေမယ့် အရင် အနေအထားအရေးအသားကိုသာ ဒီအတိုင်းထားချင်တယ်လို့ဆိုပါတယ်။

ဒီထဲက လူကြီးမင်းတွေဟာ နှလုံးသားရဲ့ စိတ်ထားကောင်းကို ဦးစားပေးပြီး အခြေခံက စ တည်ဆောက်ကြိုးစားကြသူတွေဖြစ်နေလို့ ဒီစာအုပ်ဖြစ်လာသင့်ပါတယ်။ လူငယ်တွေအတွက် ပြီးတော့ လူငယ်တွေကို ပျိုးထောင်ချင်တဲ့ မိဘဆရာသမားတွေအတွက် ဒီအတ္ထုပ္ပတ္တိတွေကို စိတ်နှစ်ပြီး ရေးခဲ့ပါတယ်။ ပျင်းစရာကောင်းတဲ့ အင်တာဗျူးပုံစံ မရေးဘဲ စိတ်ဝင်စားစရာ အရေးအဖွဲ့နဲ့ ဆက်ဖတ်ချင်အောင် ဆွဲဆောင်ပေးထားပါတယ်။ အကျိုးတစ်စုံတရာ မရဘူးဆိုရင် အဲဒါဟာ ကျွန်မရဲ့ လိုအပ်ချက်ဖြစ်နိုင်ပြီး စိတ်ကျေနပ်မှုနဲ့ ဗဟုသုတအပြင် စိတ်ဓာတ်ပိုင်းဆိုင်ရာ ခွန်အားတွေ ရကြတယ်ဆိုရင်တော့ ဒီစာထဲမှာပါတဲ့ စီးပွားရေးသမားတွေကြောင့်ပါပဲ။

မြုပါးရီ

၂၀. ၉. ၂၀၁၉